FACTS AND FIGURES



# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) မြန်မာနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ။

ICRC


**အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) သည် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ ရှိပြီဖြစ်ပြီး၊ လက်နက်ကိုင်ပဋိပက္ခ၊ အခြားသော အကြမ်းဖက်မှုအခြေအနေများနှင့် သဘာဝဘေးများကြောင့် ထိခိုက်ခံစားခဲ့ရသူများကို ထောက်ပံ့ကူညီရန်နှင့် အကာအကွယ်ပေးရန် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ဂျီနီဗာ သဘောတူညီချက်များမှ အစပြုခဲ့သည့် အိုင်စီအာရ်စီ၏ လုပ်ငန်းတာဝန်သည် ကြားနေပြီး ခွဲခြားမှုမရှိဘဲ လွတ်လပ်စွာဆောင်ရွက်သည့် အိုင်စီအာရ်စီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းကို လမ်းညွှန်လျက်ရှိပါသည်။**

၂၀၂၅ ခုနှစ်တစ်လျှောက်လုံးတွင် အိုင်စီအာရ်စီသည် လက်နက်ကိုင်ပဋိပက္ခ၊ အကြမ်းဖက်မှုအခြေအနေများ၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းရမှုနှင့် သဘာဝဘေးများကြောင့် ထိခိုက်ခံစားခဲ့ရသည့် ရပ်ရွာလူထုများနှင့် အနီးကပ် လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ ၎င်း၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များမှတဆင့် အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတစ်ဝန်းရှိ လူပေါင်း ၅၀၀,၀၀၀ ကျော်ထံသို့ ရောက်ရှိခဲ့ပြီး ကာလကြာရှည်ဖြစ်ပေါ်လျက်ရှိသည့် လိုအပ်ချက်များနှင့် ရုတ်တရက်အရေးပေါ်အခြေအနေ နှစ်ရပ်လုံးကို တုံ့ပြန်ကူညီခဲ့ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အခြားသောကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုအဖွဲ့ဝင်များ၊ ဒေသတွင်းမိတ်ဖက်များနှင့်အတူ လုပ်ငန်းဆောင်ရွက်ကာ အိုင်စီအာရ်စီသည် အရေးပေါ်နှင့် ရေရှည်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကို ပေးအပ်ခဲ့ပါသည်။ ဤအထောက်အပံ့များတွင် နေရပ်ရွှေ့ပြောင်းနေထိုင်ရသူများနှင့် ထိခိုက်ခံစားခဲ့ရသည့် ရပ်ရွာလူထုကို ထောက်ပံ့ကူညီခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများအား ထောက်ပံ့ကူညီခြင်း၊ ရေ၊ မိလ္လာနှင့် အမိုးအကာများ ရရှိနိုင်မှု၊ ကိုယ်ကာယပြန်လည်သန်စွမ်းရေး၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့၊ အကာအကွယ်ပေးရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ မိသားစုအဆက်အသွယ်များ ပြန်လည်ထိန်းသိမ်းခြင်းနှင့် ပေါက်ကွဲမှုဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ ပါဝင်ပါသည်။

ဤစာစောင်တွင် ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်ဆောင်ရွက်ခဲ့သည့် အိုင်စီအာရ်စီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများနှင့် အဓိကရလဒ်များ အကျဉ်းချုပ်ကို ဖော်ပြထားပါသည်။ ၎င်းတွင် တစ်နှစ်တာအတွင်း ပေးအပ်ခဲ့တဲ့ အထောက်အပံ့ပမာဏနဲ့ နယ်ပယ်တို့အပြင် အကူအညီလိုအပ်နေသူများ မည်သည့်နေရာ၊ မည်သည့်အခြေအနေတွင် ရှိနေပါစေ ၎င်းတို့အား ထောက်ပံ့ကူညီသွားရန်ဟူသည့် ဆက်လက်ထားရှိသည့် အိုင်စီအာရ်စီ၏ သန္နိဋ္ဌာန်ကိုလည်း ထင်ဟပ်ပြသလျက် ရှိပါသည်။ ပြန်ကြားဆက်သွယ်ရေးဆိုင်ရာ ရည်ရွယ်ချက်များအရ ကိန်းဂဏန်းများကို အနီးစပ်ဆုံး လုံးပြည့်ဂဏန်းများသို့ ပြောင်းလဲထားပြီး လုပ်ငန်းများ၏ အနီးစပ်ဆုံး ခန့်မှန်း ညွှန်းကိန်းပမာဏကို ဖော်ပြထားပါသည်။

# အိုင်စီအာရ်စီရုံးများ တည်နေရာပြ မြေပုံ




- အိုင်စီအာရ်စီ မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံး
- အိုင်စီအာရ်စီ ကိုယ်စားလှယ်ရုံးခွဲ
- အိုင်စီအာရ်စီ ရုံးခွဲ

# ပြန်လည်ထူထောင်ရေးအား အထောက်အပံ့ဖြစ်စေသည့် စီးပွားရေးဆိုင်ရာအထောက်အပံ့များ


ICRC

**စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ ပိုမိုကောင်းမွန်လာခြင်း။**

"ဒီသင်တန်းက ကျွန်တော်တို့ကို မြေဆီဩဇာထိန်းသိမ်းပုံတွေ၊ ကောက်ပဲသီးနှံတွေ စိုက်ပျိုးပုံနည်းလမ်းတွေ ပိုပြီးတိုးတက်ကောင်းမွန်လာစေဖို့ ထောက်ကူပေးပါတယ်။ အခုဆို ဒီအလေ့အကျင့်တွေကို ကျွန်တော့်ရဲ့ ရပ်ရွာဒေသမှာရှိတဲ့ အခြားတောင်သူတွေကို ပြန်ပြီးဝေမျှပေးနိုင်ပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ရိတ်သိမ်းတဲ့အခါမှာ အားလုံးထွက်နှုန်းကောင်းအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။"

- ရှမ်းပြည်နယ်တောင်ပိုင်းမှ လယ်စိုက်တောင်သူ။

**လူပေါင်း ၁၃၉,၀၀၀ ကျော်**အား ၎င်းတို့၏ အစားအစာထုတ်လုပ်မှုကို ပြန်လည်ထိန်းသိမ်းနိုင်ရန် မျိုးစေ့များ၊ လယ်ယာသုံးပစ္စည်း ကိရိယာများနှင့် သဘာဝ မြေဩဇာများ ပံ့ပိုးခဲ့ပါသည်။

**လူပေါင်း ၁၂,၀၀၀ နီးပါး**သည် ၎င်းတို့၏ နေ့စဉ်လိုအပ်ချက်များအတွက် အထောက်အပံ့များ လက်ခံရရှိခဲ့ပါသည်။

**လူပေါင်း ၁၃၇,၀၀၀ ကျော်** သည် ၎င်းတို့၏ နေထိုင်မှု အခြေအနေများ ပိုမို ကောင်းမွန်စေမည့် မရှိမဖြစ် အရေးကြီးသည့် အိမ်သုံးပစ္စည်းများဖြစ်သည့် စောင်များ၊ ခြင်ထောင်များနှင့် သန့်ရှင်းရေးဆိုင်ရာပစ္စည်း အစုံတို့ကို လက်ခံရရှိခဲ့ပါသည်။

**အိမ်ထောင်စုပေါင်း ၄,၀၀၀ ကျော်**သည် အိုင်စီအာရ်စီက ပံ့ပိုးကူညီထားသည့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ဆောင်ရွက်ခဲ့သည့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ရှားမှုများအားဖြင့် ၎င်းတို့၏ တိရစ္ဆာန်များကို ရောဂါဘယဘေးမှ ကာကွယ်နိုင်ခဲ့ပါသည်။

**လူပေါင်း ၁၀၅,၀၀၀ နီးပါး**သည် အရေးပေါ်စားနပ်ရိက္ခာခွဲတမ်းများ အားဖြင့် ၎င်းတို့၏ အစားအစာ စားသုံးနိုင်မှုများ တိုးတက်ခဲ့ပါသည်။

**အိမ်ထောင်စုပေါင်း ၉,၀၀၀ ကျော်**သည် ချက်ပြုတ်ရန် လောင်စာတောင့်များ ရရှိခဲ့ပါသည်။

## ရေ၊ နေထိုင်ရန်အမိုးအကာနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အထောက်အပံ့

**လူပေါင်း ၁၅၀,၀၀၀ ကျော်**သည် ဘေးကင်းသည့် သောက်သုံးရေရရှိမှု ပိုမိုကောင်းမွန်လာခြင်းကြောင့် အကျိုးဖြစ်ထွန်းခဲ့ပါသည်။

**လူပေါင်း ၅၅,၀၀၀ ကျော်**သည် လုံခြုံပြီး ဂုဏ်သိက္ခာရှိသည့် နေထိုင်မှုအခြေအနေများ ရရှိကြောင်း သေချာစေသည့် အမိုးအကာဆိုင်ရာ အထောက်အပံ့ကို ရရှိခဲ့ပါသည်။




### ငလျင်နောက်ပိုင်း ပြန်လည်ထူထောင်ရေးအတွက် ပံ့ပိုးကူညီခြင်း။

“ငလျင်နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ ရေပေးဝေရေးစနစ်က ပျက်စီးသွားတဲ့အတွက် စိုက်ဖို့ပျိုးဖို့ အခက်အခဲတွေ ဖြစ်ခဲ့ပါတယ်။ ရေပေးဝေရေးစနစ်တွေကို ပြန်ပြီးပြုပြင်ပြင်ဆင်ပေးခဲ့တဲ့အပြင် အစားအစာ ထုတ်လုပ်ဖို့အတွက် အကူအညီတွေပါ ထောက်ပံ့ပေးခဲ့တော့ ကျွန်တော်တို့ရပ်ရွာထဲမှာ ဘေးကင်းတဲ့ရေ ရရှိမှု ပြန်ပြီးကောင်းမွန်လာတဲ့အပြင် စိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်း ပြန်ပြီးစတင်နိုင်ခဲ့ပါတယ်။”

-မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်မှ လယ်စိုက်တောင်သူ။

ဆေးရုံများ၊ ဆေးပေးခန်းများနှင့် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနများအပါအဝင် **အဆောက်အအုံပေါင်း ၄၈ လုံး**သည် စွမ်းအင်နှင့် ရေပေးဝေမှုကို စဉ်ဆက်မပြတ်ရရှိကြောင်း သေချာစေရန် အခြေခံအဆောက်အအုံများအား အသစ်ပြုပြင် ပြင်ဆင်ပေးခဲ့ပါသည်။

# ကျန်းမာရေး

ကျန်းမာရေးဝန်ကြီးဌာန၏
**အဆောက်အအုံ ၃၀ လုံး**အား
အရေးကြီးသည့် ဆေးပစ္စည်းများနှင့်
ဆေးဝါးများ ပံ့ပိုးပေးခဲ့ပြီး
ဝန်ထမ်းများ၏ လုပ်ကိုင်နိုင်စွမ်းကို
မြှင့်တင်ပေးခဲ့ပါသည်။

**လူပေါင်း ၁၃,၀၀၀ ကျော်**သည်
အိုင်စီအာရ်စီက ပံ့ပိုးကူညီခဲ့သည့်
ဆေးဘက်ဆိုင်ရာ အဖွဲ့များအားဖြင့်
အရေးပေါ် ပြုစုစောင့်ရှောက်မှုများ
လက်ခံရရှိခဲ့ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန၏**
**ဝန်ထမ်း ၁၈၉ ဦး**သည်
စွမ်းရည်မြှင့်တင်ခြင်းနှင့်
နည်းပညာပိုင်းဆိုင်ရာ
သင်တန်းများအားဖြင့် ၎င်းတို့၏
အရေးပေါ်တုံ့ပြန်နိုင်စွမ်းများ
ပိုမိုမြင့်မားစေရန်
ဆောင်ရွက်ခဲ့ပါသည်။

ပဋိပက္ခဒဏ်ခံခဲ့ရသည့် **လူပေါင်း**
**၁,၆၀၀ ကျော်**သည် ၎င်းတို့၏
ဆေးကုသမှုသီးသန့်အတွက်
အထောက်အပံ့ကို ရရှိခဲ့ပါသည်။

**လူနာ ၁၇,၀၀၀ နီးပါး**သည်
ဆေးရုံတွင် စောင့်ရှောက်မှုခံယူနိုင်ရန်
အရေးပေါ်ဆေးဘက်ဆိုင်ရာ
ပို့ဆောင်ခြင်း သို့မဟုတ်
လွှဲပြောင်းပေးခြင်းများအားဖြင့်
အကျိုးဖြစ်ထွန်းခဲ့ပါသည်။

အိုင်စီအာရ်စီနှင့်
မြန်မာနိုင်ငံကြက်ခြေနီအသင်းက
ပို့ချသည့် ရှေးဦးပြုစုခြင်းနှင့်
ဆေးရုံမတိုင်မီ အရေးပေါ်
စောင့်ရှောက်မှုပေးခြင်း
သင်တန်းတွင် **ရပ်ရွာလူထုအဖွဲ့ဝင်**
**၁,၀၀၀ ကျော်**အား
လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။

# ကိုယ်ကာယပြန်လည်သန်စွမ်းရေး




**ရွေ့လျားသွားလာနိုင်မှုနှင့် အမှီအခိုကင်းစွာရပ်တည်နိုင်မှုကို ပြန်လည်ထိန်းသိမ်းခြင်း။**

"ခြေတုရပြီဆိုတော့ မျှော်လင့်ချက်လည်း ရှိလာပါတယ်။ သုံးဘီးလည်း ပြန်မောင်းလို့ရပြီဆိုတော့ သုံးဘီးမောင်းတဲ့လုပ်ငန်းကို ပြန်လုပ်ပါမယ်။ ဆိုင်ကယ်ပြင်သင်တန်းတက်ပြီး ရွာမှာပဲ ဆိုင်ကယ်ပြင်ဆိုင်လေးဖွင့်ဖို့ကိုလည်း စိတ်ကူးမိပါတယ်။"

- ဒရှိတူးအောင်ဆန့်၊ သုံးဘီးမောင်းသူ၊ နမ္မတီး။

ပေါက်ကွဲမှုဘေးမှ အသက်ရှင်လွတ်မြောက်ခဲ့သူ ၁,၈၉၂ ဦးအပါအဝင် **မသန်စွမ်းသူပေါင်း ၅,၀၀၀ နီးပါး**သည် အိုင်စီအာရ်စီက ပံ့ပိုးကူညီထားသည့် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနများတွင် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိခဲ့ပါသည်။

လူနာများ၏ လှုပ်ရှားသွားလာမှု ပြန်လည်ကောင်းမွန်လာစေရန် **အထောက်အကူပြုကိရိယာ** (ခြေတုလက်တုနှင့် အားပြုကိရိယာ) **၂,၃၀၀ ကျော်**ကိုထုတ်လုပ်ပြီး ပေးအပ်ခဲ့ပါသည်။

မသန်စွမ်းသူများနှင့် လိုက်လျောညီထွေရှိစေရန် ပြုပြင်ထားသည့် အားကစား၊ ပညာသင်စရိတ်ပံ့ပိုးခြင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းပံ့ပိုးခြင်းအပါအဝင် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ပါဝင်နိုင်ရန် ထောက်ကူသည့် ကနဦးပံ့ပိုးမှုများအားဖြင့် **လူပေါင်း ၅၀၀ နီးပါး**၏ လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်ပေးခဲ့ပါသည်။

ဝေးလံသည့် သို့မဟုတ် ရောက်ရှိရန်ခက်ခဲသည့် နေရာများတွင် နေထိုင်လျက်ရှိသည့် **မသန်စွမ်းသူပေါင်း ၇၀၀ နီးပါး**သည် ရွေ့လျားခြေတုပြုပြင်ခြင်းခရီးစဉ် ၁၀ ခုအားဖြင့် ဝန်ဆောင်မှုများ ရယူနိုင်ခဲ့ပါသည်။

## စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးမှု

အိုင်စီအာရ်စီက ပံ့ပိုးကူညီထားသည့် မြစ်ကြီးနားနှင့် ဘားအံရှိ ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဌာနရှိ **ဝန်ဆောင်မှုအသုံးပြုသူ ၁,၃၀၀ နီးပါး**သည် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုများကို ရရှိခဲ့ပါသည်။

အိုင်စီအာရ်စီက ပံ့ပိုးကူညီထားသည့် ဘားအံရှိ ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုရေးပိုင်းပံ့ပိုးမှုဆိုင်ရာ ပညာရှင်များ၏ ကျွမ်းကျင်မှုများ ပိုမိုအားကောင်းလာစေရန်အတွက် **ပညာရပ်ပိုင်းဆိုင်ရာကြီးကြပ်မှုပေါင်း ၃၈ ကြိမ်** စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

## မိသားစုအဆက်အသွယ် ပြန်လည်ရရှိစေရေး


**အကျဉ်းထောင်များမှ လွတ်မြောက်လာသူ ၆,၇၀၀ ဦး**အား ၎င်းတို့၏ နေအိမ်သို့ ဂုဏ်သိက္ခာရှိရှိ ပြန်နိုင်စေရန် ပံ့ပိုးကူညီခဲ့ပါသည်။

မိသားစုသတင်းများပါဝင်သည့် **ကြက်ခြေနီအကြောင်းကြားစာ ၄,၄၀၀ စောင်**အား ကွဲကွာနေသည့် မိသားစုဝင်များအကြား အပြန်အလှန် ပေးပို့ ဖလှယ်ခဲ့ပါသည်။

**မိသားစုပေါင်း ၃,၆၀၀ နီးပါး**သည် အကျဉ်းထောင်တွင်းရှိ ၎င်းတို့ချစ်ခင်ရသူများအား သွားရောက်တွေ့ဆုံရန် အကူအညီများ ရရှိခဲ့ပါသည်။

**လူပေါင်း ၇၀၀ နီးပါး**၏ မိသားစုများအား ၎င်းတို့ချစ်ခင်ရသူများ ဘယ်ဆီဘယ်ဝယ်တွင် ရောက်ရှိနေကြောင်း သိရှိနိုင်ရန် ကူညီခဲ့ပါသည်။

# အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေအား အများသိရှိလာစေရန် ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထုနှင့် ထိတွေ့ဆက်သွယ်ခြင်း




မြစ်ကြီးနားရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုနှင့်အတူ ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေဆိုင်ရာ အသိပညာပေးပွဲ။

လက်နက်ကိုင်များ၊ တာဝန်ရှိသူများနှင့် ရပ်ရွာခေါင်းဆောင်များအပါအဝင် **အဓိက ထိတွေ့ဆက်နွယ်သူ ၄၈၀ ဦး**သည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (အိုင်အိတ်ချ်အယ်လ်) ဆိုင်ရာ အသိပညာဖြန့်ဖြူးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ခဲ့ပါသည်။

**လူပုဂ္ဂိုလ် ၁၁,၈၀၀ ကျော်**သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို လက်ခံလာစေရန် ထောက်ကူပေးလျက်ရှိသည့် ကြက်ခြေနီ၏ လုပ်ငန်းတာဝန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမူဝါဒများကို ပိုမိုသိရှိနားလည်လာစေရန် ဆောင်ရွက်သည့် လူထုပညာပေးပွဲ ၁၉၄ ပွဲတွင် ပါဝင်ဆွေးနွေးခဲ့ပါသည်။

ပညာရေး၊ ဥပဒေရေးရာ (အရပ်ဘက်လူမှုအဖွဲ့အစည်းများ) နှင့် ဘာသာရေးဆိုင်ရာနယ်ပယ်တို့မှအပါအဝင် **လူပုဂ္ဂိုလ်ပေါင်း ၁,၂၀၀ ကျော်**သည် လူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် လူ့အခွင့်အရေးဥပဒေဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည့်**ပွဲပေါင်း ၂၅ ပွဲ**တွင် ပါဝင်တက်ရောက်ခဲ့ပါသည်။

## ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မိတ်ဖက်ဆောင်ရွက်ခြင်း

**ကြက်ခြေနီစေတနာလုပ်အားရှင် ၂,၆၀၀ ဦး**သည် အိုင်စီအာရ်စီက ပံ့ပိုးကူညီခဲ့သည့် ရှေးဦးပြုစုခြင်းနှင့် အခြားလေ့ကျင့်သင်တန်း ၁၀၂ ခုတွင် ပါဝင်တက်ရောက်ခဲ့ပါသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူနာတင်ယာဉ် ၉ စီး**အား အရေးပေါ်တုံ့ပြန်မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရန် ပြုပြင်ထိန်းသိမ်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များ ထောက်ပံ့ကူညီခဲ့ပါသည်။

**ကြက်ခြေနီစေတနာလုပ်အားရှင်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်း ၂,၂၀၀ ကျော်**သည် အိုင်စီအာရ်စီက ပံ့ပိုးကူညီခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဦးစီးကျင်းပခဲ့သည့် အန္တရာယ်ကင်းစွာ သွားရောက်လုပ်ကိုင်ခြင်းဆိုင်ရာနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးသင်တန်း ၇၇ ခုတွင် ပါဝင်တက်ရောက်ခဲ့ပါသည်။

## ပေါက်ကွဲမှုအန္တရာယ်အသိပညာနှင့် ဘေးကင်းစေရေးအမူအကျင့်များအား မြှင့်တင်ခြင်း

**လူပေါင်း ၇၄,၀၀၀ ကျော်**သည် အိုင်စီအာရ်စီနှင့် လေ့ကျင့်သင်တန်းပေးထားသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ရပ်ရွာလူထုစေတနာလုပ်အားရှင်တို့က ပို့ချသည့် ပေါက်ကွဲမှုအန္တရာယ်အသိပညာပေးပွဲပေါင်း ၁,၇၉၀ ပွဲအားဖြင့် ဘေးအန္တရာယ်ကို သိရှိခဲ့ခြားပြီး ရှောင်ကြဉ်နိုင်ရန် လေ့လာသင်ယူခဲ့ပါသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်း ၁၀ ဦး**အား အန္တရာယ် အသိပညာပေးသူများအဖြစ် ဆောင်ရွက်ရန် အသိအမှတ်ပြုခဲ့ပါသည်။

ဒေသတွင်းတုံ့ပြန်ဆောင်ရွက်နိုင်စွမ်း ပိုမိုအားကောင်းလာစေရန်၊ **ကြက်ခြေနီစေတနာလုပ်အားရှင် ၇၃ ဦး**နှင့် **ရပ်ရွာလူထုစေတနာလုပ်အားရှင် ၃၁၆ ဦး**အား ဘေးအန္တရာယ်အသိပညာနှင့် ပိုမိုဘေးကင်းစေရေးအမူအကျင့်များဆိုင်ရာ လေ့ကျင့်သင်တန်းပေးသူများအဖြစ်ဆောင်ရွက်နိုင်ရန် အိုင်စီအာရ်စီက လေ့ကျင့်သင်တန်းပေးပြီး အသိအမှတ်ပြုခဲ့ပါသည်။

အန္တရာယ်အသိပညာပေးနှင့် ဘေးကင်းစေရေးအမူအကျင့်များဆိုင်ရာ သတင်းစကားများပါဝင်သည့် **အသိပညာပေးစာစောင်ပေါင်း ၇၆,၀၀၀ ကျော်**ကို ထိခိုက်ခံစားခဲ့ရသည့် ရပ်ရွာလူထုများထံသို့ ပေးဝေခဲ့ပါသည်။

ပေါက်ကွဲစေတတ်သည့် စစ်လက်နက်အကြွင်းအကျန်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ဆိုင်ရာအသိပညာများကိုမြှင့်တင်ရန် **ပိုစတာကြီး ၂၆ ခု**ကို စိုက်ထူခဲ့ပြီး **လူထုအသိပညာပေးပွဲ ၂၄ ပွဲ**ကို ဆောင်ရွက်ခဲ့ပါသည်။

**အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ**
၂(ဂ)-၅၊ ကမ္ဘာအေးဘုရားလမ်း၊ ၈ မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း +၉၅ ၉ ၇၇ ၆၆၆ ၂၅၅၅
ဖက်စ် +၉၅ ၁ ၆၅၀ ၁၁၇
အီးမေးလ် yan_yangon@icrc.org
www.icrc.org

© ICRC, February 2026

www.facebook.com/ICRCmm

02.2026 Cover photo: ICRC